# ကုမ္ပဏီများသို့အသိပေးကြေညာခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်ပြီး အီလက်ထရောနစ်မှတ်ပုံတင်စနစ် (Myanmar Companies Online -MyCO) ဖြင့် ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များကို အများပြည်သူမှ နေ့စဉ် ၂၄ နာရီ ပတ်လုံး ဖွဲ့စည်း မှတ်ပုံတင်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၂။ ကုမ္ပဏီများမှတ်ပုံတင်ရာတွင် အီလက်ထရောနစ်မှတ်ပုံတင်စနစ်တွင် လွယ်ကူစွာ မှတ်ပုံတင်နိုင်သကဲ့သို့ မှတ်ပုံတင်အရာရှိ အနေဖြင့် ကုမ္ပဏီများမှ လိုက်နာဆောင်ရွက်ခြင်းရှိ မရှိကို အီလက်ထရောနစ် နည်းလမ်းဖြင့် စောင့်ကြည့်သည့် စနစ်များ၊ အလိုအလျောက် သတိပေးမည့် စနစ်များ၊ မှားယွင်းမှုနှင့် ပျက်ကွက်မှုတို့ကို သတိပေး အကြောင်းကြားခြင်းနှင့် အရေးယူခြင်း တို့ကို Myanmar Companies Online -MyCO စနစ်မှ တစ်ဆင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ ဖွဲ့စည်းမှတ်ပုံတင်ထားသော ကုမ္ပဏီအားလုံးသည် ဖွဲ့စည်းတည်ထောင်သည့်နေ့မှ နှစ်လအတွင်းနှင့် နောက်ပိုင်းကာလအတွက် နှစ်စဉ် အနည်းဆုံးတစ်ကြိမ် ကုမ္ပဏီ၏ အသေးစိတ် ဖော်ပြချက်များပါရှိသော နှစ်စဉ်အစီရင်ခံစာ (Annual Return-AR) ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည် ဖြစ်ပါကြောင်း ပြဋ္ဌာန်းထားပါသည်။

၄။ ထိုသို့ နှစ်စဉ်အစီရင်ခံစာ (AR) တင်ပြရာတွင် နှစ်စဉ်အစီရင်ခံစာ(AR) ပုံစံတွင် ဖော်ပြထားသော လုပ်ငန်းများအနက် ကုမ္ပဏီမှ အဓိကထားဆောင်ရွက်မည့် လုပ်ငန်း ၅ မျိုးကိုသာ အများဆုံး ရွေးချယ်ဖော်ပြရန် နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားချက်များအားလည်း တိကျစွာ လိုက်နာ ဆောင်ရွက်နိုင်ရန် အသိပေးကြေညာအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန